မွေး/ကုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ညွှန်ကြားချက်အမှတ် - ၄ /၂၀၂၀
## ၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်
## (၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန သည် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မွေးမြူရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ပဋိဇီဝဆေးယဉ်ပါးမှုကို လျော့ချနိုင်ရေးအတွက် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများတွင် ကြီးထွားဆေး (Growth Promoter) အဖြစ် သုံးစွဲနေခြင်းကို ထိန်းချုပ်ကန့်သတ်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုမ္ပဏီများ အစာထုတ်လုပ်ရောင်းချရာတွင် လိုက်နာရမည့် ညွှန်ကြားချက်

၁။ ပြည်သူ့ကျန်းမာရေးအတွက် အသုံးပြုရန် သီးသန့်ထားရှိရမည့် ဆေးအုပ်စု (Watch၊ Reserve Group) တွင် ပါဝင်နေသည့် အောက်ဖော်ပြပါပဋိဇီဝဆေးဝါးများနှင့် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ ဟော်မုန်းများကို တိရစ္ဆာန်အစာများ ဖော်စပ်ထုတ်လုပ်ရောင်းချရာ၌ ထည့်သွင်းအသုံးပြုခြင်း မပြုရ။

### တိရစ္ဆာန်အစာများတွင် ခန္ဓာကိုယ်ကြီးထွားစေရန်အလို့ငှာ သုံးစွဲရန် တားမြစ်ပိတ်ပင်မည့် မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများစာရင်း

| စဉ် | အမည် | အကြောင်းအရာ | သုံးစွဲမှု | မှတ်ချက် |
|---|---|---|---|---|
| (က) | Colistin | ဆေးမျိုးစုံယဉ်ပါးသည့်အခါ နောက်ဆုံးအဆင့် အသုံးပြုရမည့်ဆေးဝါး (Last-resort for Multi-drug resistance ) | Bactericidal | Reserve group |
| (ခ) | 3rd & 4th gen: Cephalosporin | လူသားရောဂါအများစုကို ကုသရန် (To treat multiple human conditions) | Bactericidal | Watch group |

| | | | | |
|---|---|---|---|---|
| (ဂ) | Fluroquinolone class | ဆဲလ်မိုနဲလားရောဂါနှင့် ဒေါင့်သန်းရောဂါကို ကုသရာတွင် အရေးကြီးသည့်ဆေးဝါး (Important for t/m of life threatening infections of Salmonella and Anthrax) | Bactericidal | Watch group |
| (ဃ) | Hormones | | Estrogen, progesterone, testosterone and their synthetic version | |

၂။ အထက်ဖော်ပြပါဆေးဝါးများမှအပ အခြားပဋိဇီဝဆေးဝါးများကို တိရစ္ဆာန်အစာများတွင် ထည့်သွင်းအသုံးပြုလိုပါက အောက်ပါအဆင့်သတ်မှတ်ချက်များအတိုင်း အသုံးပြုရမည်-

| စဉ် | တိရစ္ဆာန်အမျိုးအစား | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခွင့်ပေးသည့်အဆင့် | ပဋိဇီဝဆေးထည့်သွင်းအသုံးပြုခြင်းအား တားမြစ်သည့်အဆင့် |
|---|---|---|---|
| (က) | ဥစားကြက်/ဘဲ/ ငုံး/ ကြက်ဆင် (Poultry-Layer) | ကြက်/ဘဲ/ ငုံး/ ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ ငုံး/ ကြက်ဆင်မဒန်းအစာ | ဥကြက်မအစာ ($18^{th}$ week onward)<br>ဥစားငုံးမအစာ ($5^{th}$ week onward)<br>ဥစားဘဲမအစာ ($22^{nd}$ week onward) |
| (ခ) | အသားစားကြက်/ဘဲ/ ကြက်ဆင် (Poultry-Broiler) | ကြက်/ဘဲ/ကြက်ဆင်ငယ်အစာ၊ ကြက်/ဘဲ/ကြက်ဆင်လတ်အစာ | အသားတိုးကြက်/ဘဲ/ကြက်ဆင်ကြီး/ Semi-broiler ကြက်ကြီးအစာ (7days before market) |
| (ဂ) | အသားတိုးဝက် (Swine) | ဝက်ငယ်အစာ (Pre-starter & Starter)၊ ဝက်လတ်အစာ | ဝက်ကြီးအစာ (Finisher) |

| | | | |
|---|---|---|---|
| (ဃ) | နို့စားနွား (Dairy Cattle) | နွားငယ်အစာ (Calf Ration)၊ မဒန်းအစာ (Heifer Ration) | နို့ပေးနွားမအစာ (Lactating Cow Ration)<br>နို့ခမ်းနွားမစာ (Dry Cow Ration) |
| (င) | အသားစားနွား (Beef Cattle) | နွားငယ်အစာ (Calf Ration)၊ နွားလတ်အစာ (grower ration) | နွားကြီးအစာ (Fattening Ration) |

၃။ တိရစ္ဆာန်အစာအိတ်များတွင် အညွှန်းဖော်ပြရာ၌ Conventional Feed နှင့် Medicated Feed (၂) မျိုး ခွဲခြား၍ ဖော်ပြရမည့်အပြင် အောက်ပါအချက်များပါ ထည့်သွင်းဖော်ပြရမည်-

| No. | Conventional Feed | Medicated Feed |
|---|---|---|
| 1. | Brand name | Brand name |
| 2. | Feed type (crumbles, pellets, mash, etc.) | Feed type (crumbles, pellets, mash, etc.) |
| 3. | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) | Feeding program (eg. Feed code & age, Pre-starter/ starter/grower/ finisher) |
| 4. | Net wt. | Net wt. |
| 5. | Mfg.date/Batch no. | Mfg.date/Batch no. |
| 6. | Exp. Date | Exp. date |
| 7. | Storage condition | Storage condition |
| 8. | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) | Composition (CP, Moisture, Ash, Fat, Crude fiber, ME, etc.) |
| 9. | Ingredients (Fish meal, Vitamins, minerals, etc.) | Ingredients (Fish meal, Vitamins, minerals, etc.) |
| 10. | Growth promoter | Active principle for treatment |
| 11. | Precaution | Precaution |
| 12. | Address | Address |

မှတ်ချက်။ ။ နံပါတ် (3, 4, 5, 6, 7, 11, 12) တို့ကို မြန်မာဘာသာဖြင့် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ကျန်နံပါတ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

၄။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်ရက်မှစ၍ (၆)လနောက်ပိုင်း ထုတ်လုပ်ရောင်းချသော တိရစ္ဆာန်အစာများအတွက် အကျိုးသက်ရောက်မှုရှိသည်။

၅။ ဤညွှန်ကြားချက်ကို လိုက်နာမှုရှိ/မရှိ ဈေးကွက်အတွင်း စစ်ဆေးခြင်း (Post Market Surveillance) ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/စမရ/ဥပဒေ/၂၀၂၀ (၀၆၅)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် မေလ ၁၁ ရက်

ဖြန့်ဝေခြင်း

**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ခရိုင်ဦးစီးဌာနမှူးများ (အားလုံး)**
**မြို့နယ်ဦးစီးဌာနမှူးများ (အားလုံး)**
**ကြော်ငြာသင်ပုန်း (သက်ဆိုင်သူများသိစေရန်)**
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
**တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ/ကုမ္ပဏီများ (အားလုံး)**

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ သုကျန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ (အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်
မျှောစာတွဲ/ လက်ခံစာတွဲ